# ကားထိုင်ခုံ ရွေးချယ်မှုတွင် အသုံးပြုသော ကိရိယာ

THE SAFE MOBILITY PROJECT

Akron Children's Hospital
GOODYEAR FOUNDATION

**ပေါင်ချိန် 5 - 40 ပေါင်**
ထို့ပြင် အောက်တွင် စာရင်းပြုဖော်ပြထားသော အရပ်အမြင့် ကန့်သတ်ချက်များဖြင့် ကိုက်ညီသည်

**ပေါင်ချိန် 40 - 65 ပေါင်**
ထို့ပြင် အောက်တွင် စာရင်းပြုဖော်ပြထားသော အရပ်အမြင့် ကန့်သတ်ချက်များဖြင့် ကိုက်ညီသည်

**ပေါင်ချိန် 65 - 110 ပေါင်**
ထို့ပြင် အောက်တွင် စာရင်းပြုဖော်ပြထားသော အရပ်အမြင့် ကန့်သတ်ချက်များဖြင့် ကိုက်ညီသည်

ပေါင် 110

ပေါင်ချိန် 5 ပေါင်အောက်
ကူညီပံ့ပိုးမှု ခေါ်ဆိုရယူရန်

အနောက်သို့ မျက်နှာမူသော သိုင်းကြိုးဖြင့်

အရှေ့သို့ မျက်နှာမူသော သိုင်းကြိုးဖြင့်

ခါးပတ် နေရာချမှု ထပ်မြှင့်

အဆင့် 5 ဆင့် စစ်ဆေးမှုအား အောင်မြင်သည်

မဟုတ်
ကူညီပံ့ပိုးမှု ခေါ်ဆိုရယူရန်

ဟုတ်

ထိုင်ခုံ မလိုအပ်ပေ

လူကြီး ထိုင်ခုံခါးပတ်အား အသုံးပြုပါ



မွေးကင်းစကလေး ထိုင်ခုံ
အနောက်သို့သာလျှင် မျက်နှာမူသော

29 လက်မ အောက်



အနောက်သို့မျက်နှာမူသော
ခေါက်ယူသယ်ဆောင်နိုင်သည့်

19-40 လက်မ အကြား



အရှေ့သို့
မျက်နှာမူသော
ခေါက်ယူသယ်ဆောင်နိုင်သည့်

28-54 လက်မ အကြား
အနည်းဆုံး အသက် 2 နှစ် ပြည့်ရမည်ဖြစ်သည်



ပေါင်းစပ်မှု

28-50 လက်မ အကြားအတွက် သိုင်းကြိုးဖြင့်
44-57 လက်မ အကြားအတွက် ထပ်မြှင့်မှုဒ်နည်းလမ်းဖြင့်



ကျောမှီအမြင့်
ထပ်မြှင့်
ထိုင်ခုံ

40-57 လက်မ အကြား



နောက်မှီမပါဝင်သော
ထပ်မြှင့်
ထိုင်ခုံ

40-57 လက်မ အကြား

ကားထိုင်ခုံများ အားလုံးသည် ကွဲပြားခြားနားသည်။ သင့်ကားထိုင်ခုံ၏ အသေးစိတ်အချက်အလက်များအတွက် ကျေးဇူးပြုပြီး ပိုင်ရှင်၏ လက်ကိုင်လမ်းညွှန်စာအုပ်အား ကိုးကားကြည့်ရှုပါ။

အဆင့် 5 ဆင့် စစ်ဆေးမှု နှင့် နောက်ထပ်သော အသေးစိတ် အချက်အလက်များ >

## မွေးကင်းစကလေး ကားထိုင်ခုံ –

### ကြိုးသိုင်းပါဝင်ပြီး အနောက်သို့ မျက်နှာမူသော

ဤထိုင်ခုံများသည် အထူးသဖြင့် ကိုယ်အလေးချိန် 4 ပေါင် မှ 35 ပေါင်အကြား ကလေးများအတွက် အံဝင်သင့်တော်သော်လည်း ကားထိုင်ခုံတစ်ခုစီတိုင်းသည် ကွဲပြားခြားနားသည်။ အချို့သော ကားထိုင်ခုံများသည် ကိုယ်အလေးချိန် 4 ပေါင်မှ စတင်ပြီး၊ အချို့မှာမူ ကိုယ်အလေးချိန် 5 ပေါင်မှ စတင်ကာ ပေါင်ချိန် 22 ပေါင်၊ ပေါင် 30 သို့မဟုတ် 35 ပေါင်အထိအတွက် ဖြစ်သည်။ ထိုင်ခုံများသည် အစဉ်ဆိုသလို ယာဉ်၏ နောက်ကျောဘက်သို့ မျက်နှာမူထားမည် ဖြစ်သည်။ ကလေးတစ်ဦးသည် ၎င်းထိုင်ခုံ၏ အရပ်အမြင့် သို့မဟုတ် ကိုယ်အလေးချိန် ကန့်သတ်ချက်သို့ ရောက်ရှိချိန်တွင် သူ သို့မဟုတ် သူမသည် အနောက်သို့ မျက်နှာမူသည့် ခေါက်ယူသယ်ဆောင်နိုင်သော ကားထိုင်ခုံတစ်ခုသို့ ရွှေ့ပြောင်းထိုင်သင့်ပေသည်။ သင့်အနေနှင့် ယာဉ်ပေါ်မှ ထိုင်ခုံခါးပတ် သို့မဟုတ် ထိုင်ခုံချိတ်များအား အသုံးပြုကာ ဤထိုင်ခုံအား တပ်ဆင်ကောင်း တပ်ဆင်နိုင်ပေမည်။ နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် သင့် ကားထိုင်ခုံ လက်ကိုင် လမ်းညွှန်စာအုပ်အား ကြည့်ရှုပါ။

## ခေါက်ယူသယ်ဆောင်နိုင်သော ကားထိုင်ခုံ

### ကြိုးသိုင်းပါဝင်ပြီး အနောက်သို့ မျက်နှာမူသော သို့မဟုတ် ကြိုးသိုင်းပါဝင်ပြီး အရှေ့သို့ မျက်နှာမူသော

ဤထိုင်ခုံများသည် အထူးသဖြင့် ကိုယ်အလေးချိန် 5-65 ပေါင် ရှိသော ကလေးများအတွက် အံဝင်သင့်တော်သည်။ ကလေးများ အားလုံးသည် မိမိတို့၏ ခေါက်ယူသယ်ဆောင်နိုင်သော ကားထိုင်ခုံပေါ်တွင် ထိုင်ရာ၌ အနောက်သို့မျက်နှာမူသော ထိုင်ခုံ၏ အရပ်အမြင့် သို့မဟုတ် ကိုယ်အလေးချိန် ကန့်သတ်ချက်သို့ မရောက်ရှိသေးမချင်း ယာဉ်၏ အနောက်သို့ မျက်နှာမူသော ထိုင်ခုံပေါ်တွင် ထိုင်သင့်ပေသည်။ ကလေးတစ်ဦးသည် အနောက်သို့မျက်နှာမူသော ထိုင်ခုံ၏ ကန့်သတ်ချက်များသို့ ပြည့်မီရောက်ရှိပြီးချိန်တွင် ခေါက်ယူသယ်ဆောင်နိုင်သော ထိုင်ခုံများအား အရှေ့ဘက်သို့ မျက်နှာမူစေရန် ထိုင်ခုံအား လှည့်နိုင်မည်ဖြစ်သည်။ သင့်အနေနှင့် ယာဉ်ပေါ်မှ ထိုင်ခုံခါးပတ် သို့မဟုတ် ထိုင်ခုံချိတ် (LATCH) စနစ်အား အသုံးပြုကာ ဤထိုင်ခုံနေရာချမှုအား တပ်ဆင်ကောင်း တပ်ဆင်နိုင်ပေမည်။ အရှေ့သို့မျက်နှာမူရန် တပ်ဆင်ချိန်တွင် ထိပ်ကြိုးချည်ချိတ်အား အသုံးပြုပါ။ ကလေးတစ်ဦးသည် ၎င်းထိုင်ခုံ၏ အရှေ့သို့မျက်နှာမူသော အရပ်အမြင့် သို့မဟုတ် ကိုယ်အလေးချိန် ကန့်သတ်ချက်သို့ ရောက်ရှိချိန်တွင် သူ သို့မဟုတ် သူမသည် ထပ်မြှင့်ထိုင်ခုံတစ်ခုသို့ ရွှေ့ပြောင်းထိုင်သင့်ပေသည်။ နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် သင့် ကားထိုင်ခုံ လက်ကိုင် လမ်းညွှန်စာအုပ်အား ကြည့်ရှုပါ။

## ပေါင်းစပ်ထားသော ကားထိုင်ခုံ

### ကြိုးသိုင်းပါဝင်ပြီး အရှေ့သို့ မျက်နှာမူသော သို့မဟုတ် ခါးပတ် နေရာချထားသော ထပ်မြှင့်

ဤထိုင်ခုံများသည် အထူးသဖြင့် ကိုယ်အလေးချိန် ပေါင် 40 မှ ပေါင် 100 အကြား ရှိသော ကလေးများအတွက် အံဝင်သင့်တော်သည်။ ဤထိုင်ခုံသည် ယာဉ်၏ အရှေ့ဘက်အခြမ်းသို့သာလျှင် မျက်နှာမူနိုင်သည်။ ကလေးများ အားလုံးသည် သိုင်းကြိုးအသုံးပြုသော အရပ်အမြင့် သို့မဟုတ် ကိုယ်အလေးချိန် ကန့်သတ်ချက်သို့ မပြည့်မီ၊မရောက်ရှိသေးမချင်း သိုင်းကြိုးအား အသုံးပြုသည့် ထိုင်ခုံပေါ်တွင် ထိုင်သင့်ပေသည်။ သိုင်းကြိုးပတ်ထားသော ထိုင်ခုံတစ်လုံးအား အသုံးပြုချိန်တွင် ယာဉ်၏ ထိုင်ခုံခါးပတ် သို့မဟုတ် ထိုင်ခုံချိတ် (LATCH) စနစ်အား အသုံးပြုပြီး ၎င်းအား တပ်ဆင်နိုင်ပါသည်။ ကလေးငယ်သည် ထပ်မြှင့်ထိုင်ခုံအား အသုံးပြုရန် အသင့်ဖြစ်ချိန်တွင် သိုင်းချည်ကြိုးများအား ဖယ်ရှားနိုင်ပါသည်။ ထပ်မြှင့်ထိုင်ခုံတစ်လုံးအား အသုံးပြုသည့်အခါတွင် ကလေးအား ချုပ်ထိန်းထားရန်အတွက်မှာ ထိုင်ခုံခါးပတ်အား ကားထိုင်ခုံပေါ်သို့ ဆွဲပါ။ ယာဉ်ပေါ်၌ တပ်ဆင်ချိန်တွင် ထိပ်ကြိုးချည်ချိတ်အား အသုံးပြုပါ။ နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် သင့် ကားထိုင်ခုံ လက်ကိုင် လမ်းညွှန်စာအုပ်အား ကြည့်ရှုပါ။

## ကျောမှီအမြင့် ထပ်မြှင့်ထိုင်ခုံ သို့မဟုတ် ကျောမှီမပါဝင်သော ထပ်မြှင့်ထိုင်ခုံ

### ခါးပတ် နေရာချမှု ထပ်မြှင့်

အရှေ့သို့မျက်နှာမူသော သိုင်းကြိုး ထိုင်ခုံ၏ အရပ်အမြင့် နှင့် ကိုယ်အလေးချိန် ကန့်သတ်ချက်များထက် ကျော်လွန်ပြီး၊ လူကောင်ထွားသော ကလေးများအတွက် ဤထိုင်ခုံအား အသုံးပြုပါ။ ထပ်မြှင့်ထိုင်ခုံများ၏ ဆောင်ရွက်ချက်မှာ ထိုင်ခုံခါးပတ်အား ချည်သည့်အခါ၌ ကလေး၏ လည်ပင်းပေါ် မကျရောက်စေရန်အတွက်မှာ ကလေးအား အမြင့်တစ်ခုသို့ မြှင့်တင်ပေးဖို့ရန် ဖြစ်သည်။ ဤထိုင်ခုံတွင် ထိုင်ခုံခါးပတ် နေရာချသည့်လမ်းကြောင်းတစ်ခုနှင့်အတူ ဖယ်ရှား၍ရနိုင်သော ကျောမှီတစ်ခု ပါဝင်ကောင်း ပါဝင်ပေမည်။ ခါးပတ်နေရာချသည့် လမ်းကြောင်းသည် ကလေး၏ လည်ပင်းပေါ်သို့ ထိုင်ခုံခါးပတ်ကြိုး မကျရောက်ရောက်စေရန်အတွက်မှာ အထောက်အကူပြုပေးမည် ဖြစ်သည်။ ကလေးသည် သင့်တော်သော အရပ်အမြင့်တစ်ခုသို့ ရောက်ရှိချိန်တွင် ထိုင်ခုံခါးပတ်ကြိုး လည်ပင်းပေါ်သို့ မကျရောက်စေရန် ထိန်းသိမ်းပေးသော ခါးပတ်နေရာချမှုအား လိုအပ်တော့မည် မဟုတ်ပေ။ ဤအခြေအနေတွင် ကျောမှီအား ဖယ်ရှားပြီး၊ ဤထိုင်ခုံအား ကျောမှီမပါဝင်သော ထပ်မြှင့်ထိုင်ခုံတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ အကယ်၍ ယာဉ်ပေါ်၌ မူလကတည်းက ထည့်သွင်းဖွဲ့စည်းထားသော ခေါင်းမှီတစ်ခု ပါဝင်ခြင်း မရှိလျှင် ကျောမှီအမြင့် ထပ်မြှင့်ထိုင်ခုံအား လိုအပ်ပေမည်။ ကလေးများသည် အနည်းဆုံး အသက် 8 နှစ် မပြည့်သေးမီအထိ သို့မဟုတ် အရပ်အမြင့် 4 ပေ 9 လက်မသို့ မရောက်သေးမီအထိ၊ ထို့ပြင် အဆင့် 5 ဆင့် စစ်ဆေးမှုအား မအောင်မြင်သေးမချင်း ပုံမှန် ယာဉ်ထိုင်ခုံ နှင့် ထိုင်ခုံခါးပတ်သို့ ပြောင်းလဲအသုံးမပြုသင့်သေးပေ။



# သင်၏ကလေးသည် ထပ်မြှင့်ထိုင်ခုံအား လိုအပ်ဆဲ ဖြစ်ပါသလား

## အဆင့် 5 ဆင့် စစ်ဆေးမှု

(အသက် 8 နှစ် နှင့် အထက် ကလေးများအတွက်)

1. သင်၏ကလေးသည် နဂိုမူလ အော်တိုထိုင်ခုံပေါ်တွင် လမ်းတစ်လမ်းလုံး ထိုင်၍ လိုက်ပါနိုင်ပါသလား။
2. နဂိုမူလ အော်တိုထိုင်ခုံ၏ အစွန်းနေရာတွင် သင်၏ကလေးသည် ၎င်း၏ ဒူးခေါင်းများအား သက်တောင့်သက်သာ ကွေးထားနိုင်ပါသလား။
3. ထိုင်ခုံခါးပတ်သည် သင့်ကလေး၏ လည်ပင်း နှင့် လက်မောင်းအကြား ပုခုံးပေါ် သိုင်းဖြတ်သွားနိုင်ပါသလား။
4. ပေါင်ပေါ် ခါးပတ်အား ပေါင်များဖြင့် ထိတွေ့သည့်အထိ ဖြစ်နိုင်သမျှ နိမ့်ထားနိုင်ပါသလား။
5. သင်၏ကလေးသည် ခရီးစဉ်တစ်လျှောက်လုံး ဤကဲ့သို့ ထိုင်ခုံပေါ်ထိုင်ကာ လိုက်ပါနိုင်ပါသလား။

**မဟုတ်**

အကယ်၍ အထက်ပါမေးခွန်းများတွင် သင်သည် "မဟုတ်" ဟု ဖြေကြားထားလျှင် သင်၏ကလေးသည် ထပ်မြှင့်ထိုင်ခုံ တစ်လုံး၌ လိုက်ပါစီးနင်းရန် လိုအပ်ပေသည်။။

**ဟုတ်**

အကယ်၍ အထက်ပါမေးခွန်းများတွင် သင်သည် "ဟုတ်" ဟု ဖြေကြားထားလျှင် သင်၏ကလေးသည် အဆင့် ငါးဆင့် စစ်ဆေးမှုအား အောင်မြင်ပြီး၊ ထပ်မြှင့်ထိုင်ခုံ တစ်လုံးအား လိုအပ်တော့မည် မဟုတ်ပေ။

## ကူညီပံ့ပိုးမှုအား ခေါ်ဆိုရယူရန်

330-543-8942 သို့ ခေါ်ဆိုပါ | SafeMobilityProject.com

AAP & Akron Children's Hospital ကလေးဆေးရုံမှ အကြံပြုထောက်ခံထားသည်မှာ အသက် 13 နှစ်အောက် ကလေးများ အားလုံးသည် ယာဉ်များ၏ အနောက်ထိုင်ခုံတွင် ခါးပတ်မြဲစွာပတ်၍ ရှိနေစေရန် ဖြစ်သည်။

20191008 တွင် မွမ်းမံပြင်ဆင်သည်